RECOFTC



# မဟာဗျူဟာအစီအစဉ်

## ၂၀၂၃ - ၂၀၂၈



### အဓိက အကြောင်းအရာ


ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း ၃၆ နှစ်ခန့် အတွေ့အကြုံရှိသော **RECOFTC** သည် အာရှ-ပစိဖိတ်ဒေသများဖြစ်သည့် ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မြန်မာ၊ နီပေါ၊ ထိုင်း နှင့် ဗီယက်နမ် နိုင်ငံတို့တွင် ဌာနေအစီအစဉ်ရုံးများ ဖွင့်လှစ်၍ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ မိမိတို့အဖွဲ့အစည်း အနေဖြင့် ကမ္ဘာကြီးအပေါ် ထားရှိသည့် မျှော်မှန်းချက်မှာ လုပ်ပိုင်ခွင့်ရပိုင်ခွင့်များကို အသိအမှတ်ပြုခြင်းနှင့်အတူ ကြံ့ခိုင်နိုင် စွမ်းရည်ရှိသော ဒေသခံပြည်သူအစုအဖွဲ့များအနေဖြင့် ၎င်းတို့နေထိုင်ရာ သစ်တောမြေယာရှုခင်းများအား ရေရှည်တည်တံ့ပြီး တန်းတူညီမျှစွာ စီမံအုပ်ချုပ်နိုင်ရန်ဖြစ်သည်။ အဆိုပါမျှော်မှန်းချက်အားရရှိရန် ဆောင်ရွက်ပေးသည့် နည်းလမ်းမှာ ဒေသခံပြည်သူများသည် ရေရှည်တည်တံ့မှုရှိ သော သစ်တောမြေယာရှုခင်းများတွင် အကျိုးအမြတ်များ ညီညွတ်မျှတစွာ ခံစားနိုင်ရန် နှင့် သစ်တောကို ထိန်းသိမ်းစောင့်ရှောက်နိုင်စေရန် ၎င်းတို့၏ စွမ်းဆောင်ရည်များ၊ ရပိုင်ခွင့်များနှင့် စီမံအုပ်ချုပ်မှုများ တိုးတက်အားကောင်းလာစေရန် ဆောင်ရွက်ခြင်းဖြစ်သည်။

မိမိတို့အဖွဲ့အစည်းသည် ရေရှည်တည်တံ့ပြီး အားလုံးပူးပေါင်းပါဝင်မှုရှိသော မြေယာရှုခင်းတစ်ခုလုံးကို လွှမ်းခြုံသော ချဉ်းကပ်မှုပုံစံဖြင့် ဒေသခံအစုအဖွဲ့များအား မြေယာပိုင်ဆိုင်မှုများနှင့် အရင်းအမြစ်များဆိုင်ရာအခွင့်အရေးများ ခိုင်မာစေရေး၊ သစ်တောပြုန်းတီးမှု ရပ်တန့်ရေး၊ အခြားသော အသက်မွေးဝမ်းကြောင်းလုပ်ငန်းများရှာဖွေနိုင်ရေးနှင့် ဂျဲန်ဒါ (ကျား၊မရေးရာ) တန်းတူညီမျှမှု မြှင့်တင်ရေးများအတွက် ကူညီလုပ်ဆောင်လျက်ရှိသည်။ ယုံကြည်စိတ်ချရသော အကူအညီပေးရေးအဖွဲ့အနေဖြင့် မိမိတို့သည် အစိုးရအဖွဲ့များ၊ ဒေသခံပြည်သူ အစုအဖွဲ့များ ၊ ပုဂ္ဂလိကစီးပွါးရေးလုပ်ငန်းရှင်များ၊ တက္ကသိုလ်ပညာရေးဌာနများနှင့် အရပ်ဖက်အဖွဲ့အစည်းများကို ပံ့ပိုးကူညီပေးခြင်း၊ သတင်းအချက်အလက်မျှဝေခြင်းနှင့် စုစည်းချိတ်ဆက်ပေးခြင်းများ ဆောင်ရွက်သည့် နိုင်ငံတကာအဖွဲ့အစည်းတစ်ခုအဖြစ် ရပ်တည်ထားပါသည်။

# နောက်ခံအကြောင်းအရင်း — စိန်ခေါ်မှု နှင့် အခွင့်အရေးများ

အာရှ–ပစိဖိတ်ဒေသသည် သဘာဝပတ်ဝန်းကျင်နှင့် စီးပွားရေးဆိုင်ရာ စိန်ခေါ်မှုများစွာကို ရင်ဆိုင်နေရခြင်းကြောင့် လက်ရှိလူမှုရေးမညီမျှမှုများကို ပိုမိုဆိုးရွားစေသည်။ ရေကြီးခြင်း နှင့် မိုးခေါင်ခြင်း ကဲ့သို့သော သိသာထင်ရှားသော ရာသီဥတုပြောင်းလဲဖောက်ပြန်မှုများကြောင့် လူသားများ၏ ကျန်းမာရေး နှင့် စားနပ်ရိက္ခာဖူလုံရေးအပေါ် အန္တရယ်ဖြစ်စေသော ခြိမ်းခြောက်မှုများဖြစ်လာသည်။ ကိုဗစ် – ၁၉ ကပ်ဘေး နောက်ဆက်တွဲ စီးပွားရေးလုပ်ခတ်မှုများနှင့် ပထဝီနိုင်ငံရေးပဋိပက္ခများသည် စျေးကွက်မတည်မငြိမ်မှုများ နှင့် အကန့်အသတ်ရှိသည့် အရင်းအမြစ်များကြောင့် လူမှုရေးတင်းမာမှုများဖြစ်ပေါ်စေပြီးနောက် အဆိုပါအခြေအနေကိုလည်း ပိုမိုဆိုးရွားစေခဲ့သည်။ ဤသို့သော ရှုပ်ထွေးမှုရှိသည့်အခင်းအကျင်းတွင် အမျိုးသမီးများ၊ ဌာနေတိုင်းရင်းသားများနှင့် လူငယ်များအနေဖြင့် ရေရှည် တည်တံ့သော သစ်တောထွက်ပစ္စည်း ထုတ်လုပ်ခြင်းနှင့် ဝန်ဆောင်မှုပေးအပ်ခြင်း လုပ်ငန်းစဉ်များတွင် ပါဝင်ရန် ခက်ခဲပါသည်။ RECOFTCသည် လူမှုရေး ကာကွယ်စောင့်ရှောက်မှု၊ စီမံအုပ်ချုပ်မှုနှင့် ဒေသခံများနှင့်အတူဆောင်ရွက်မှုဆိုင်ရာ နှစ်ရှည် အတွေ့အကြုံများရှိထားပြီး အဆိုပါ အခက်အခဲများအား ဖြေရှင်းနိုင်ရန် အကြံပြုလမ်းညွှန်မှုများကို ပေးအပ်နိုင်ပါသည်။

အဆိုပါစိန်ခေါ်မှုများအနက် ရာသီဥတုပြောင်းလဲမှုနှင့် ဇီဝမျိုးစုံမျိုးကွဲများတွင် သစ်တောများ၏ အခန်းကဏ္ဍအပေါ် တစ်ကမ္ဘာလုံးမှ အာရုံစိုက်မှု ပိုမိုမြင့်တက်လာပါသည်။ ထိုသို့ ကြိုးပမ်းလုပ်ဆောင်မှုများသည် နိုင်ငံတကာကတိကဝတ်များဖြစ်သည့် ပါရီ သဘောတူ စာချုပ်ပါ သစ်တောများတိုးချဲ့စိုက်ပျိုးခြင်းနှင့် ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချခြင်း လုပ်ငန်းများအတွက် အထောက်အကူပြုစေပါ သည်။ မူဝါဒအသစ်များတွင် ဒေသခံပြည်သူ အစုအဖွဲ့များအား သစ်တောစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာပေးခြင်း ၊ ဒစ်ဂျစ်တယ်နည်းပညာဖြင့် အထောက်အကူပေးခြင်း နှင့်ပွင့်လင်းမြင်သာသည့် စီမံအုပ်ချုပ်မှုအား တွန်းအားပေးဆောင်ရွက်ခြင်းများ ဖော်ဆောင်သွားမည်ဖြစ် သည်။ အဆိုပါလုပ်ငန်းများဆောင်ရွက်ရန် အစိမ်းရောင်ရန်ပုံငွေနှင့် ကာဗွန်ခရက်ဒစ်များကဲ့သို့သော ငွေကြေးအထောက်အပံ့လမ်းကြောင်း များ ပေါ်ပေါက်လာပြီး ပံ့ပိုးရေးကတိပြုချက်များလည်း ကမ်းလှမ်းလာကြပါသည်။ RECOFTC အနေဖြင့် အဆိုပါ အခွင့်အလမ်းကောင်းများ ကို အားပြု၍ ရေရှည်တည်တံ့သော သစ်တောများစီမံခန့်ခွဲခြင်းနှင့် ဒေသခံများပူပေါင်းရေးလုပ်ငန်များ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။



# ပိုမိုကောင်းမွန်သည့်အနာဂတ်ဆီသို့ – အဓိကပန်းတိုင် (၄) ရပ်

ကျွန်ုပ်တို့သည် အလုံးစုံအကျိုးသက်ရောက်မှုကို အထောက်အကူဖြစ်စေမည့် အပြန်အလှန်ဆက်စပ်မှုရှိနေသော ပန်းတိုင်လေးခုဆီသို့ ဦးတည်၍ လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။ ကျွန်ုပ်တို့ ရရှိမြင်တွေ့လိုသော အလုံးစုံအကျိုးသက်ရောက်မှု ဆိုသည်မှာ ကြံ့ခိုင်နိုင်စွမ်းရှိသော ဒေသခံပြည်သူအစုအဖွဲ့များသည် အခြားသော ဆက်စပ်ပတ်သက်သူများနှင့် အတူအတွ ပူးပေါင်း၍ သစ်တော မြေယာရှုခင်းများကို ရေရှည်တည်တံ့စွာ နှင့် သာတူညီမျှစွာ စီမံခန့်ခွဲနိုင်ခြင်းဖြစ်သည်။ ထို့အပြင် အဆိုပါ မြေယာရှုခင်းများမှ ရာသီဥတု ဆိုင်ရာဆောင်ရွက်မှု နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းခြင်းတို့ကို ပံ့ပိုးပေးခြင်းအပါအဝင် ဒေသခံပြည်သူအစုအဖွဲ့များနှင့် လူဦးရေအများစု ကို အကျိုးရှိစေမည့် ကုန်စည် နှင့်ဝန်ဆောင်မှုများ ကို ထောက်ပံ့ပေးနိုင်မှု သေချာစေခြင်းတို့ကိုလည်း ဆိုလိုသည်။

### ပန်းတိုင် ၁ – ရာသီဥတုပြောင်းလဲမှုအား လိုက်လျောညီထွေဖြစ်စေခြင်းနှင့် လျော့ပါးသက်သာစေခြင်းများ တိုးမြင့်လာခြင်း

ဒေသခံများမှ ရာသီဥတုပြောင်းလဲမှုအပေါ် လိုက်လျောညီထွေစွာနေထိုင်နိုင်ရန်နှင့် ရာသီဥတုဘေးဒဏ်မှ ထိခိုက်နစ်နာမှုများ လျော့ပါးသက်သာစေရန်အတွက် ရေရှည်တည်တံ့သော သစ်တောစီမံထိန်းသိမ်းမှု၊ လိုက်လျောညီထွေရှိသော စွမ်းရည်များ ခိုင်မာစေနိုင်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းခြင်းနှင့် ရှုခင်းဂေဟစနစ် ဝန်ဆောင်မှုများ လုံခြုံထိန်းသိမ်းခြင်းတို့ကို ပံ့ပိုးပေးရန်ဖြစ်ပါသည်။

### ပန်းတိုင် ၂ – ဂျဲန်ဒါ တန်းတူညီမျှမှုရှိခြင်းနှင့် လူမှုရေးရာထည့်သွင်းစဉ်းစားခြင်းများ ပိုမိုတိုးတက်ကောင်းမွန်လာခြင်း

ဒေသခံများနှင့် ဖယ်ကျဉ်ခံထားရသော အဖွဲ့ဝင်အများစုသည် ကောင်းမွန်သန်စွမ်းသောသစ်တောများအတွင်းနှင့် သစ်တောအနီးတစ် ဝိုက်တွင်နေထိုင်ရန် ၎င်းတို့၏အခွင့်အရေးများကို ကျင့်သုံးကာ သစ်တောမြေယာရှုခင်းများကို စဉ်ဆက်မပြတ် စီမံခန့်ခွဲထိန်းသိမ်းနိုင်ရန်နှင့် အဆိုပါရှုခင်းများမှရရှိသည့် အကျိုးကျေးဇူးများကို မျှတစွာခွဲဝေရယူရန် ဖြစ်ပါသည်။

### ပန်းတိုင် ၃ – ပိုမိုကောင်းမွန်သည့် စီမံအုပ်ချုပ်မှုရှိခြင်းနှင့် အခွင့်အရေးများအား လေးစားအသိအမှတ်ပြုခြင်း


ဒေသခံများသည် ၎င်းတို့၏ အခွင့်အရေးများကို အသိအမှတ်ပြု ကာကွယ်စောင့်ရှောက်ထားသည့် အဖွဲ့အစည်းများ၊ မူဝါဒများ၊ ဥပဒေများနှင့် ရပိုင်ခွင့်များပတ်သက်သည့် အကျိုးကျေးဇူးများကို ရရှိခံစားနိုင်သည့်နည်းတူ လေးစားလိုက်နာမှုရှိရမည်။ သစ်တောမြေယာရှုခင်းများနှင့်ဆက်စပ်သည့် ကောင်းမွန်သောစီမံအုပ်ချုပ်မှု အခြေခံမှုများအပေါ် အစိုးရ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူများမှ လိုက်နာရမည်။

### ပန်းတိုင် ၄ – ဒေသခံပြည်သူအစုအဖွဲ့များအတွက် စီးပွားရေးအကျိုးအမြတ်များ တိုးပွားစေခြင်း

ဒေသခံအစုအဖွဲ့များသည် သစ်တောအခြေပြု လုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများ၊ ပုဂ္ဂလိကဏ္ဍ၏ ငွေကြေးသွင်းအားစုနှင့် မိတ်ဖက်ပြုခြင်းများမှ အကျိုးကျေးဇူးများခံစားရမည်။ ဤနည်းအားဖြင့် ကာဗွန်ထုတ်လုပ်မှုနည်းသော အစိမ်းရောင်စီးပွားရေးစနစ် ပိုမိုဖွံ့ဖြိုးတိုးတက်လာရမည်။

## ပြောင်းလဲမှုအတွက် ကိုယ်ပိုင်သီအိုရီ

ကျွန်ုပ်တို့၏ ပြောင်းလဲမှု သီအိုရီသည် ဒေသခံများအား သစ်တောမြေယာရှုခင်းများ စီမံခန့်ခွဲ၍ အကျိုးကျေးဇူးရရှိစေရန်လုပ်ပိုင်ခွင့်အာဏာပေးခြင်းဖြင့် အဆိုပါမြေယာရှုခင်းများ၏ လူမှုရေး၊ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးကျေးဇူးများကို မြှင့်တင်ပေးရန်ဖြစ်ပါသည်။



# မဟာဗျူဟာများနှင့် နည်းဗျူဟာများ

ပြောင်းလဲမှု သီအိုရီကို အခြေခံ၍ အဆိုပါ တွန်းအားပေးသည့်မဟာဗျူဟာ ခြောက်ခုသည် ကျွန်ုပ်တို့၏ ရည်မှန်းချက်များ အောင်မြင်၍ တိကျသော ရလဒ်များကို သိရှိနားလည်ပြီး ရေရှည်အကျိုးသက်ရောက်မှုကို ဖြစ်စေပါသည်။ ကျွန်ုပ်တို့သည် လာမည့်ငါးနှစ်အတွင်း မဟာဗျူဟာစီမံချက်ကို အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် အထောက်အကူပြုမည့် မူဝါဒများကို ဖွံ့ဖြိုးတိုးတက်စေရန်၊ မူဝါဒဆိုင်ရာ ပံ့ပိုး ကူညီမှုများ တိုးမြှင့်ရန်၊ ငွေကြေးအရင်းအမြစ်အသစ်များကို လက်လှမ်းမီရန်နှင့် ရေရှည်တည်တံ့သော ကုန်စည်နှင့် သဘာဝပတ်ဝန်းကျင် ဆိုင်ရာ ဝန်ဆောင်မှုများကို ရရှိစေနိုင်ရန် ရည်ရွယ်ပါသည်။ အထက်ပါလုပ်ဆောင်ချက်များသည် ကျင့်ဝတ်နှင့်ညီသည့် လည်ပတ်မှုဖြစ်စေပြီး ရပ်ရွာအခြေပြု စီးပွားရေးလုပ်ငန်းများကို ဖွံ့ဖြိုးကြီးထွားစေမည်ဖြစ်သည်။ ထို့နောက် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောမြေယာရှင်းများ တွင် အစိုးရနှင့်ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုရရှိနိုင်ရေးကို ပံ့ပိုးဆွေးနွေးပေးခြင်းဖြင့် ရေရှည်တည်တံ့ပြီး ဂျန်ဒါထည့်သွင်းစဉ်းစားသည့် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောစီမံခန့်ခွဲမှု အလေ့အကျင့်များကိုတွန်းအားပေးကာ ဖယ်ကျဉ်ထားသောဒေသခံများကိုလည်း ပံ့ပိုးပေးနိုင်မည်ဖြစ်သည်။

### ၁။ သစ်တောမြေယာရှင်းများသည် ရာသီဥတုဆိုင်ရာ ဖြေရှင်းချက်များကို ဆောင်ရွက်ရန်အထောက်အကူပြုကြောင်း ခိုင်မာစေခြင်း

ဒေသခံပြည်သူများ၏ ကြံ့ခိုင်နိုင်စွမ်းနှင့် လိုက်လျောညီထွေဖြစ်မှုများကို တိုးမြှင့်စေပြီး ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဖြေရှင်းနည်းများ အဖြစ် ဒေသခံများအခြေပြု သစ်တောစီမံခန့်ခွဲမှုကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

### ၂။ အားလုံးပါဝင်မှုရှိသော စီမံအုပ်ချုပ်မှုနှင့် အခွင့်အရေးများကို လုံခြုံစိတ်ချရခြင်း

ဥပဒေပိုင်းဆိုင်ရာ မူဘောင်များအတွင်း လစ်ဟာချက်များနှင့် အားနည်းချက်များကို ဖော်ထုတ်ပြီး ဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်သည်။ ဆုံးဖြတ်ချက်ချသည့်လုပ်ငန်းစဉ်များတွင် ကဏ္ဍစုံဆက်စပ်ပတ်သက်သူများပါဝင်စေခြင်းနှင့် ဖယ်ကျဉ်ခံရသော အုပ်စုများအပါအဝင် ရပိုင်ခွင့်ရှိသူများကို အခွင့်အာဏာပေးဝေခြင်းကိစ္စရပ်များအား ချိတ်ဆက်ဆောင်ရွက်ရန်၊ သြဇာလွှမ်းမိုးရန်နှင့် ၎င်းတို့၏အခွင့်အရေးများကို အခိုင်အမာရရှိရန် အကြံပြုတိုက်တွန်းဆောင်ရွက်သွားမည်ဖြစ်သည်။

### ၃။ သစ်တောမြေယာရှင်းအား အခြေပြုသော စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာရန် အကူအညီများပေးခြင်း

သစ်တောထွက်ပစ္စည်းနှင့် ဝန်ဆောင်မှုများ ရောင်းချသည့် စီးပွားရေးလုပ်ငန်းများကို တည်ထောင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် ဒေသခံ ပြည်သူအစုအဖွဲ့များအား ဆက်လက်ပံ့ပိုးကူညီသွားပါမည်။ ဒေသခံပြည်သူများနှင့် တန်ဖိုးကွင်းဆက်တွင် ပါဝင်ပတ်သက်သူများအကြား သာတူညီမျှသော ပူးပေါင်းဆောင်ရွက်မှုများကို လွယ်ကူချောမွေ့စေပြီး တာဝန်ခံမှုနှင့် မျှတသောအကျိုးအမြတ်ခွဲဝေမှုကို မြှင့်တင်ပေးပါမည်။

### ၄။ သစ်တောမြေယာရှင်းများ ရေရှည်တည်တံ့နိုင်ရေးအတွက်ငွေကြေးပံ့ပိုးမှု သေချာစေခြင်း

အားလုံးပါဝင်မှုရှိသော ရေရှည်တည်တံ့သည့် သစ်တောမြေယာရှင်းစီမံခန့်ခွဲမှုတွင် ရင်းနှီးမြှုပ်နှံခြင်းမှ ရရှိသော ဘဏ္ဍာရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးကျေးဇူးများကို ဖော်ဆောင်ပြသပါမည်။ အလားအလာရှိသော စီးပွားရေးပုံစံများကို လက်ခံ ကျင့်သုံးရန်နှင့် ရပ်ရွာအဆင့် ငွေကြေးစီမံခန့်ခွဲမှုတွင် ဒေသခံပြည်သူအစုအဖွဲ့များအား ကူညီပေးသွားပါမည်။

### ၅။ ယုံကြည်လက်ခံနိုင်စွမ်းရှိရန် အထောက်အထားများချပြခြင်း

အားလုံးပါဝင်မှုရှိသော ရေရှည်တည်တံ့သည့် သစ်တောမြေယာရှင်းစီမံခန့်ခွဲခြင်းနှင့် ပြန်လည်ထူထောင်ခြင်း၏ အကျိုးကျေးဇူးများကို လက်တွေ့ကျသော သက်သေအထောက်အထားများဖြင့် ဆက်လက်ဖော်ထုတ်ပြသသွားပါမည်။

### ၆။ သစ်တောမြေယာရှင်းစီမံအုပ်ချုပ်မှုတွင် အများပြည်သူများကိုပါဝင်စေရန် ချိတ်ဆက်ပေးခြင်း

ရေရှည်တည်တံ့သော သစ်တောများ စီမံခန့်ခွဲခြင်းနှင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော ထွက်ကုန်များနှင့် ဝန်ဆောင်မှုဆိုင်ရာ တန်ဖိုး များတွင် ဒေသခံများ၏ တာဝန်ရှိ/တာဝန်သိမှုအပေါ် အသိအမှတ်ပြုခြင်းများကို မြှင့်တင်ပေးမည်။ အထူးသဖြင့် အမျိုးသမီးများ၊ လူငယ်များ၊ ဌာနေတိုင်းရင်းသားများနှင့် ဒေသခံပြည်သူများအနေဖြင့် သစ်တောမြေယာရှင်းများမှပေးစွမ်းမည့် စီးပွားရေးအခွင့်အလမ်း များအပေါ် သိမြင်နိုးကြားမှုအား မြှင့်တင်ပေးသွားမည်။ ထို့အပြင် ၎င်းတို့မှ စိုက်ပျိုးရေးလုပ်ငန်း၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ဆိုင်ရာ ဝန်ဆောင်မှု လုပ်ငန်းများ၏ ဦးဆောင်မှုအခန်းကဏ္ဍတွင် တာဝန်ယူလုပ်ဆောင်လာစေရန် တိုက်တွန်းနှိုးဆော် ပေးသွားမည် ဖြစ်သည်။

## ပိုမိုသိရှိလိုပါက

RECOFTC ၏ 2023–2028 အတွက် မဟာဗျူဟာအစီအစဉ် အပြည့်အစုံကို ဖတ်ပါ။

**recoftc.org**


**RECOFTC Main Office**
P.O. Box 1111, Kasetsart Post Office,
Bangkok 10903, Thailand
T +66 (0)2 940 5700, F +66 (0)2 561 4880
info@recoftc.org

@RECOFTC



**ပံ့ပိုးကူညီသူများ**

Schweizerische Eidgenossenschaft
Confédération suisse
Confederazione Svizzera
Confederaziun svizra

**Swiss Agency for Development and Cooperation SDC**

Sweden Sverige

RECOFTC ၏ လုပ်ငန်းများကို ဆွစ်ဖွံ့ဖြိုးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SDC) နှင့် ဆွီဒင်အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (Sida) တို့၏ ပံ့ပိုးကူညီမှုဖြင့် ဆောင်ရွက်နိုင်ခြင်း ဖြစ်သည်။



**RECOFTC မြန်မာ**
ရန်ကုန်တိုင်းဒေသကြီး သစ်တောရုံးဝင်း၊
ဘုရင့်နောင်လမ်း၊ အနောက်ကြို့ကုန်း၊
အင်းစိန်မြို့နယ်၊ ရန်ကုန်၊ မြန်မာ။
ဖုန်း +၉၅ (၀) ၁ ၆၄၄၁၈၇
myanmar@recoftc.org